**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ပဥ္စမနေ့ အစည်းအဝေး အကျဉ်းချုပ်**

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက် )**

**[ ကြာသပတေးနေ့ ]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ကျောက်တော်မြို့နယ်အတွင်း ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပေါ်ရှိတံတားများဖြစ်သော ဂေါရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားရှိ သရီနံချောင်းကူးတံတားနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားရှိ ပေါက်လေချောင်းကူးတံတား (၂)စင်းတို့ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်းနှင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးဇော်တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာ ဆိုင်ကယ်လမ်းအားတာချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ရန် ကျန်ရှိနေသေးသော လမ်းပိုင်းအား ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က နယ်မြေဒေသလုံခြုံရေးအရ ၂၀၂၀ - ၂၀၂၁

ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားမှုမရှိကြောင်းနှင့် နယ်မြေဒေသ အေးချမ်းပြီး လုပ်ငန်း ဆောင်ရွက်နိုင်သည့်အချိန်တွင် သက်ဆိုင်ရာ ဒေသ တာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်းစစ်ဆေး၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်နှင့် အတူ သတ်မှတ်စီမံကိန်း အဆိုပြုလွှာပုံစံဖြင့် တင်ပြလာပါက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ထည့်သွင်း လျာထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာ့ရက်စဉ် သမိုင်းစာအုပ် ဆက်လက်ထုတ်ဝေရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်မင်း က စာမျက်နှာပေါ်မူတည်၍ ခုနှစ်အလိုက် ဆက်လက်ထုတ်ဝေသွားရန် ဘဏ္ဍာငွေ အခြေအနေအရ၊ အခြားစာအုပ်ထုတ်ဝေမှု အခြေအနေများ အပေါ်မူတည်၍ စဉ်ဆက်မပြတ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ်၊ ရမ်းဗြဲ မြို့နယ်ရှိ စကုကျွန်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် သီးခြားတည်ရှိ သော ကျွန်းတစ်ကျွန်းဖြစ်သောကြောင့် တောင်ကုတ် - မာန်အောင် ခရီးစဉ် ပြေးဆွဲနေသောအမြန်ရေယာဉ်များ စကုကျွန်းတွင် ဆိုက်ကပ်ပေးနိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စကုကျွန်း ပတ်လမ်း ၈ မိုင် ၂ ဖာလုံအား ကျောက်ချောလမ်းအဖြစ် လာမည့် ဘဏ္ဍာရေးနှစ် တွင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး က ဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးကြောင်း၊ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထားပြီး ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မြန်မာနိုင်ငံပိုင်မဟုတ်သော နိုင်ငံခြားမှတ်ပုံတင်ထားသည့် သင်္ဘောများ မြန်မာနိုင်ငံအတွင်းပိုင်း ရေလမ်းကြောင်းအတွင်းသို့ တရားမဝင် သယ်ယူ**

**ပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို နိုင်ငံတကာဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း အရလည်းကောင်း အမြန်ဆုံး အရေးယူ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး က မော်လမြိုင်ဆိပ်ကမ်းနယ်နိမိတ် (သံလွင်မြစ်) အတွင်း သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ပုသိမ်ဆိပ်ကမ်းနယ်နိမိတ် (ငဝန်မြစ်) အတွင်း သောင်တူးဖော်ရာတွင် အသုံးပြုသော နိုင်ငံခြားအလံတင်ရေယာဉ်များ သည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ငန်း သဘောတူစာချုပ်ပါ စည်းကမ်း သတ်မှတ်ချက်တို့နှင့်အညီ တရားဝင်လုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်းသာ သဲတူး/သဲတင် လုပ်ငန်းဆောင်ရွက်ပြီး ဆိပ်ကမ်းနယ်နိမိတ်ပြင်ပသို့ဖြစ်စေ၊ ဆိပ်ကမ်းတစ်ခုမှ အခြားဆိပ်ကမ်းတစ်ခုသို့ဖြစ်စေ ကုန်၊ ပစ္စည်း၊ ခရီးသည်များကို တရားမဝင် သယ်ယူပို့ဆောင်ခြင်း မရှိကြောင်း၊ နိုင်ငံတော်သို့ သတ်မှတ်အခွန်အခများ ပေးဆောင်လျက်ရှိကြောင်း၊ အကယ်၍ တရားမဝင်ရေကြောင်း သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းရှိလာမည်ဆိုပါက သက်ဆိုင်ရာဌာနများ နှင့် ပေါင်းစပ်၍ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(စ) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ခန္တီးလေဆိပ် အဆောက်အဦအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ် ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး က ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိကြောင်း၊ လက်ရှိတွင်လေဆိပ်အဆောက်အဦ အသေးစား မွမ်းမံမှုများ ဆောင်ရွက်နေဆဲကာလဖြစ်သဖြင့် လိုအပ်ပါက ပျက်ဆီးမှုဖြစ်ပေါ် နေသောနေရာများကို ထပ်မံစစ်ဆေး၍ လိုအပ်သည့် အသေးစားမွမ်းမံပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**အစီရင်ခံစာ ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း၊ အဆုံးအဖြတ် ရယူခြင်း၊ အဆိုတင်သွင်း၊ ထောက်ခံခြင်းနှင့် အတည်ပြုခြင်း**

၃။ ဗိုလ်မှူးချုပ်တင့်လွင် တပ်မတော်သားကိုယ်စားလှယ် (ဥပဒေကြမ်းကော်မတီဝင်) က အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

၄။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

**အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၅။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ) က ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်း ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာသည်။

၆။ အစည်းအဝေးကို ၁၁:၃၂ နာရီ အချိန်တွင် ရပ်နားပြီး ဆဋ္ဌမနေ့ အစည်းအဝေးကို ၂၈-၇-၂၀၂၀ ရက်နေ့ (အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**